INDIANA Family to Family
SUPPORT · CONNECT · ELEVATE

# အစောပိုင်းကလေးအရွယ် အထူးပညာရေး

Indiana ပြည်နယ်ရှိ အစိုးရကျောင်းများသည် သတ်မှတ်လိုအပ်ချက်ပြည့်မီသော ကလေးသူငယ်များအတွက် အသက် 3 နှစ်အရွယ်မှစ၍ အထူးပညာရေး ဝန်ဆောင်မှုများကို စီစဉ်ပေးအပ်လျက် ရှိပါသည်။ ဝန်ဆောင်မှုအစီအစဉ်များကို ကလေးတစ်ဦးချင်းစီအတွက် သီးသန့်ရေးဆွဲပြီး ကလေး၏ မိဘများပါဝင်သော ကော်မတီက ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်ပါသည်။ သတ်မှတ်လိုအပ်ချက်ပြည့်မီသော ကလေးသူငယ်များအတွက် အထူးပညာရေး ဝန်ဆောင်မှုများ အားလုံးကို အခမဲ့ စီစဉ်ပေးအပ်ပါသည်။

**မည်သူတို့သည် အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများ ရယူနိုင်ရန် သတ်မှတ်လိုအပ်ချက် ပြည့်မီပါသနည်း။**

အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများအတွက် သတ်မှတ်လိုအပ်ချက် ပြည့်မီမှု ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် ဝန်ဆောင်မှုကို လိုအပ်နိုင်သည်ဟု ယူဆသော ကလေးသူငယ် (3 နှစ်နှင့်အထက်) ကို ဒေသန္တရ ကျောင်းစနစ်အတွင်းသို့ လွှဲပြောင်းစာရင်းပေးနိုင်ပါသည်။ ကလေးသူငယ်သည် အောက်ပါ သတ်မှတ်လိုအပ်ချက် ပြည့်မီမှု အမျိုးအစားများအနက် မည်သည်နှင့်အညီ အထူးပညာရေး ဝန်ဆောင်မှုများကို ရယူလက်ခံနိုင်ရန် လိုအပ်ချက်ပြည့်မီသည်ကို ဆုံးဖြတ်ရန်အတွက် စိစစ်အကဲဖြတ်မှုကို စာသင်ရက်ပေါင်း 50 အတွင်း ဆောင်ရွက်ပြီး ဤဆောင်ရွက်ချက်အတွက် မိသားစုက ကုန်ကျစရိတ်ခံစရာ မလိုအပ်ပါ -

- အော်တစ်ဇင်စပက်ထရမ် ရောဂါ
- နားမကြား - အမြင်အာရုံဆုံးရှုံးမှု
- အခြား ကျန်းမာရေးချို့ယွင်းမှု
- အမြင်အာရုံ လုံးလုံးလျားလျား ချို့ယွင်းမှု သို့မဟုတ် အပြည့်အဝ မကောင်းမွန်မှု
- စိတ်ခံစားချက်ဆိုင်ရာ မသန်စွမ်းမှု
- အရိုးကျန်းမာရေး ချို့ယွင်းမှု
- တွေးခေါ်ဆက်စပ်နိုင်စွမ်းဆိုင်ရာ မသန်စွမ်းမှု
- ဘာသာစကား သို့မဟုတ် စကားပြောဆိုနိုင်စွမ်း ချို့ယွင်းမှု
- သင်ယူလေ့လာနိုင်စွမ်းဆိုင်ရာ မသန်စွမ်းမှု
- နားမကြားခြင်း သို့မဟုတ် နားလေးခြင်း



မွမ်းမံပြင်ဆင်ချက်
11.2022

- တစ်ခုထက်ပိုသော မသန်စွမ်းမှုများ ခံစားနေရခြင်း
- ပြင်းထန်ဦးနှောက်ထိခိုက်ဒဏ်ရာ ရရှိမှု
- ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း

**မည်သည့်ဝန်ဆောင်မှုများ ရရှိနိုင်ပါသနည်း။**

သတ်မှတ်လိုအပ်ချက် ပြည့်မီသော ကလေးသူငယ်၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများကို တစ်ဦးချင်းစီအလိုက် သီးသန့်ချမှတ်ဆောင်ရွက်ပါသည်။ တစ်ဦးချင်းစီအလိုက် ချမှတ်ဆောင်ရွက်သော ပညာရေးအစီအစဉ်များတွင် ကျောင်းမတက်မီ သင်ကြားလမ်းညွှန်ပေးခြင်း၊ ဆက်စပ်ဝန်ဆောင်မှုများ သို့မဟုတ် လိုအပ်သည့် အခြားအထောက်အပံ့များ စီစဉ်ပေးအပ်ခြင်း ပါဝင်နိုင်ပါသည်။ ဤအစီအစဉ်များ ရေးဆွဲချမှတ်ခြင်းကို ကလေးသူငယ်၏ မိဘများ ပါဝင်သော ဖြစ်စဉ်အလိုက် စည်းဝေးဆွေးနွေးမှု ကော်မတီများက ဆောင်ရွက်ပါသည်။

**အစောပိုင်းကလေးအရွယ် အထူးပညာရေးကို စတင်သင်ယူခြင်း**

မိမိကလေး၏ ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ ပူပန်မှုရှိသော သို့မဟုတ် မိမိကလေးသည် မသန်စွမ်းမှု ခံစားနေရကြောင်း သိရှိသော မိဘများသည် ဒေသန္တရ အစိုးရကျောင်းကို ဆက်သွယ်ကာ မိမိကလေးကို အစောပိုင်းကလေးအရွယ် အထူးပညာရေးအတွက် အကဲဖြတ်ခြင်း ဆောင်ရွက်ပေးရန် “အခွင့်ရဝန်ထမ်း” (ကျောင်းအုပ်၊ ဆရာ၊ လူမှုဝန်ထမ်း၊ စိတ်ပညာရှင်၊ သို့မဟုတ် စီမံခန့်ခွဲရေး တာဝန်ရှိသူများ) ကို နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ရေးသား၍ဖြစ်စေ မေတ္တာရပ်ခံနိုင်သည်။ အသိုက်အဝန်းတွင်း မည်သူ့ထံ ဆက်သွယ်ရမည်ကို အသေအချာမသိရှိသော မိသားစုများအနေဖြင့် Indiana ပြည်နယ် အထူးပညာရေးဆိုင်ရာ လမ်းညွှန်ကို ဖတ်ရှု၍ဖြစ်စေ 317-232-6610 ကို ဖုန်းခေါ်ဆို၍ Indiana ပြည်နယ် ပညာရေးဦးစီးဌာနထံ ဆက်သွယ်မေးမြန်း၍ဖြစ်စေ သက်ဆိုင်ရာ အချက်အလက်များကို ရှာဖွေရယူနိုင်ပါသည်။

ကလေးသူငယ်သည် အသက် 3 နှစ်မပြည့်မီ Indiana ပြည်နယ်၏ First Steps အစီအစဉ်တွင် စာရင်းပေးသွင်း ပါဝင်ထားသူဖြစ်ပါက အကဲဖြတ်ပေးရန် မေတ္တာရပ်ခံချက်ကို ကူးပြောင်းမှုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်သည်။

**ကုန်ကျစရိတ်**

အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများသည် သတ်မှတ်လိုအပ်ချက် ပြည့်မီသော မသန်စွမ်း ကလေးသူငယ်များအတွက် ဖက်ဒရယ်အဆင့် ချမှတ်ထားသည့် "လွတ်လပ်၍ ဆီလျော်သင့်တော်သော အစိုးရပညာရေး" အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကာ အခမဲ့ စီစဉ်ပေးအပ်ခြင်း ဖြစ်ပါသည်။

**နွေရာသီကျောင်းပိတ်ချိန်တွင် မည်သည့်အစီအစဉ်ရှိသနည်း။**

အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများကို ဒေသန္တရ အသိုက်အဝန်း၏ ကျောင်းဖွင့်ချိန် ပြက္ခဒိန်နှစ်နှင့်အညီ စီစဉ်ပေးအပ်ခြင်း ဖြစ်ပါသည်။ စိစစ်အကဲဖြတ်ခြင်း ဆောင်ရွက်ရာတွင် စာသင်ရက်နှင့် တွက်ချက်ခြင်းဖြစ်ပြီး စာသင်ရက်ဟူသည်မှာ ကျောင်းဖွင့်သည့်ရက်ကို ဆိုလိုရင်းဖြစ်ကြောင်း သတိချပ်မှတ်သားရန် အရေးကြီးပါသည်။ ကလေးသူငယ်သည် အစောပိုင်းကလေးအရွယ် အထူးပညာရေး ဝန်ဆောင်မှုများအတွက် သတ်မှတ်လိုအပ်ချက် ပြည့်မီကြောင်း ဆုံးဖြတ်ပါက ဖြစ်စဉ်အလိုက် စည်းဝေးဆွေးနွေးမှု ကော်မတီက ကလေးသည် "တိုးချဲ့ကျောင်းပြက္ခဒိန်နှစ် ဝန်ဆောင်မှုများ" ဟု ခေါ်ဆိုသော ပုံမှန် ကျောင်းပြက္ခဒိန်နှစ်ကို ကျော်လွန်၍ စီစဉ်ပေးအပ်ရမည့် ဝန်ဆောင်မှုများကို ရယူရန် လိုအပ်ခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်။

**ထပ်မံသိရှိလိုပါက စုံစမ်းနိုင်သည့်နေရာ -**

**Indiana ပြည်နယ် ပညာရေးဦးစီးဌာန (IDOE)**

Indiana ပြည်နယ် ပညာရေးဦးစီးဌာနသည် အသက် 3-21 နှစ်ကြားရှိ မသန်စွမ်း ကျောင်းသားများအတွက် ရည်ရွယ်ဆောင်ရွက်သော အစိုးရကျောင်း စီမံကိန်းများအတွက် ခေါင်းဆောင်မှုနှင့် ပြည်နယ်အဆင့် ထောက်ပံ့ကူညီမှုကို ပေးအပ်လျက်ရှိပါသည်။ ဖုန်း- 1-317-232-6610

IDOE ဝက်ဘ်ဆိုက် - https://www.in.gov/doe/students/special-education/

IDOE Indiana ပြည်နယ် အထူးပညာရေးဆိုင်ရာ လမ်းညွှန် - https://drive.google.com/file/d/1hRtp2zsG3WtdCf2ma69awNDkxTc65jLn/view

အခြေအနေကို ကိုင်တွယ်ဖြေရှင်းခြင်း၊ Indiana ပြည်နယ်ရှိ မိဘများအတွက် ပုဒ်မ 7 လမ်းညွှန် - https://www.in.gov/doe/files/navigating-course-art-7-revisions-2019.pdf



မွမ်းမံပြင်ဆင်ချက်

11.2022

**IN*SOURCE**

အထူးလိုအပ်ချက်များရှိသော မိသားစုများအတွက် Indiana ပြည်နယ် အရင်းအမြစ်စင်တာ IN*SOURCE သည် မသန်စွမ်း ကလေးသူငယ်များနှင့် အရွယ်ရောက်ခါစ လူငယ်များအတွက် ထိရောက်သော ပညာရေးစီမံကိန်းများနှင့် သင့်လျော်သော ဝန်ဆောင်မှုများကို စီစဉ်ပေးအပ်နိုင်ရေးအတွက် အထောက်အကူအဖြစ် လိုအပ်သော သတင်းအချက်အလက်နှင့် လေ့ကျင့်သင်ကြားပေးမှုများကို Indiana ပြည်နယ်ရှိ မိဘများ၊ မိသားစုများ၊ နှင့် ဝန်ဆောင်မှုပေးအပ်သူများထံ စီစဉ်ပေးအပ်လျက် ရှိပါသည်။ ဖုန်း- (800) 332-4433

IN*Source ဝက်ဘ်ဆိုက်- http://insource.org/

အစီအစဉ်များနှင့် စနစ်များသည် မကြာခဏ ပြောင်းလဲတတ်သည်။ နောက်ဆုံးပြောင်းလဲမှုနှင့်ကိုက်ညီသည့် သတင်းအချMedicaid Waivers: ဤအချက်အလက်ပြဖယားကို 2022 ခုနှစ်တွင် နောက်ဆုံးအကြိမ် မွမ်းမံပြင်ဆင်ထားပါသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မူကို ရှာဖွေဖတ်ရှုနိုင်ရန် https://www.inf2f.org/fact-sheets.html ကို အသုံးပြုပါ။ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ စီမံရေးအဖွဲ့ (HRSA) ၏ ရန်ပုံငွေထောက်ပံ့မှု တစ်စိတ်တစ်ပိုင်း ပါဝင်သည်။